စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက်ခရိုင်

ဖောင်းပြင်မြို့နယ်

သရောင်းအုန်းဒုတ်အုပ်စု၊သာစည်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးတိုးတက်ရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊သာစည်ကျေးရွာ

(၂၀၂၁ ၊ ဩဂုတ်လ)

မာတိကာ

၁။စကားချီ

၂။နိဒါန်း

၃။ရည်ရွယ်ချက်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
နောက်ဆက်တွဲများ

(၁) ဖွံ့ဖြိုးတိုးတက်ရေး ဗျူဟာဇယား နောက်ဆက်တွဲ

(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဇယားများ

(၃) (VDP)ကျေးရွာကော်မတီများစာရင်း၊

(၄) လုပ်ငန်းမှတ်တမ်းဓါတ်ပုံ

(၅) ကျေးရွာမြေပုံ၊ ကျေးရွာလူထုအဖွဲ့အစည်း၊ (၁၂)လရာသီစက်ဝန်း

၁။စကားချီး

သာစည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၄-၂၀၂၅) ခုဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်သာစည်ကျေးရွာ၏ ပထမဦးဆုံးသောကျေးရွာသူ/သားများပူးပေါင်း၍ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောဖောင်းပြင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊အခြားဌာနဆိုင်ရာအဖွဲ့စည်းများနှင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်ဆိုင်သည့်ဒေသန္တရအရေးကြီးအချက်များနှင့်အကြံဉာဏ်များကို တက်ကြွစွာကူညီပံ့ပိုးပေးကြသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင် ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာသည် လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကိုအသုံးပြု၍အစီအစဉ်ရေးဆွဲကာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်သန်းပို့ချသင်ကြားပေးခဲ့သောနည်းစနစ်တိုင်းလိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းသတင်းအချက်လက်တို့၏အရေးပါမှုကိုသိရှိရုံသာမကလိုအပ်သောအချက်လက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်ဌာနဆိုင်ရာများ၏အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိရပါသည်။ဤအစီစဉ်တွင်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးနှင့်ဦးစားပေးဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား အဓိက ဖော်ပြထားပြီးစီမံကိန်းဆိုင်ရာ အချက်လက်အကြောင်းအရာများအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်လက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ

သာစည်ကျေးရွာ

ရက်စွဲ ၊ ၂၀၂၀ခုနှစ် ၊ ဩဂုတ် လ

၂။နိဒါန်း

သာစည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သည်နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောအတွေ့အကြုံများကိုလေ့လာပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ အစီစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေနေများ၊ ကြုံတွေ့ရသောပြဿနာများ၊ ပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်သောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်လက်များအပေါ် အခြေခံ၍(၅)နှစ်သာကာလအတွက်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန်ကျန်ပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုပ်၍အစိုးရဌာနများအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဘက်အဖွဲ့အစည်းများ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများတို့ကိုချိတ်ဆက်၍ဆောင်ရွက်ရမည်ကိုသိရှိနားလည်း စေခဲ့ပါသည်။

၃။ရည်ရွယ်ချက်

လူထုကိုဦးဆောင်ပါဝင်စေသည့်လုပ်ငန်းဖြစ်သောကြောင့်ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီးအမြင်ချင်းရှင်းလင်းမှုရရှိစေကာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူထုကိုယ်တိုင်ပူးပေါင်းပါဝင်ရ၍စည်းလုံးညီညွတ်စွာလုပ်ကိုင်တတ်စေခြင်းတို့ကြောင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

၄။ တည်နေရာနှင့် ပထဝီအနေအထား

သာစည်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊မော်လိုက်ခရိုင်၊ဖောင်းပြင်မြို့နယ် သရောင်းအုန်းဒုတ်အုပ်စုအတွင်းတွင်တည်ရှိပါသည်။ဖောင်းပြင်မြို့နှင့်(၇)မိုင်အကွာတွင်တည်ရှိပြီးလမ်းပန်းဆက်သွယ်ရေးမှာကောင်းမွန်ပါသည်။ ကျေးရွာသည်အရှေ့နှင့် အနောက်သွယ်တန်းနေပြီးမြေပြန့်ပိုင်းတွင်တည်ရှိသောကျေးရွာဖြစ်ပါသည်။ ကျေးရွာအရှေ့ဘက်တွင် သရောင်းချောင်းတည်ရှိပြီးရွာအနီးပတ်ဝန်းကျင်တွင် လယ်ယာမြေများတည်ရှိပါသည်။

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မိုးရေချိန်ပျမ်းမျှ(၇၀)လက္ခရှိပြီးစိုက်ပျိုးရေးအတွက်အထောက်အကူဖြစ်သည်။ကျေးရွာသည်ဆန်၊စပါးစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိကလုပ်ကိုင်ကြသည်။ကျေးရွာသည်အိမ်ခြေ(၉၈)အိမ်ရှိပြီးလယ်မြေ(၁၅၀)ဧကလျှပ်ကိုင်စားသောက်ကြပါသည်။လယ်ယာမြေများလုပ်ကိုင်ရာတွင်ချောင်း၊အင်းအိုင်များပေါများသောကြောင့် လယ်ယာမြေ များ စိုက်ပျိုးရာတွင်အဆင်ပြေ ပါသည်။အနည်းစုမှာမြေအောက်ရေရရှိအောင်စက်ရေတွင်းတူးဖော်ပြီးစပါးစိုက်ပျိုးကြရပါသည်။ စိုက်ပျိုးမြေများသည်ချင်းတွင်းမြစ်နှင့်(၃)မိုင်ဝေးပြီးရေကြီးချိန်များတွင်မြစ်ရေဝင်ရောက်မှုများကြောင့်လယ်ယာမြေများ

သည်ပျက်စီးရှုံးမှုများရှိကြပါသည်။သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင်ဝင်ငွေအရနည်းသောကြောင့် အချို့လူငယ်များသည်ပြင်ပသို့ထွက်ခွာကာ ဝင်ငွေရှာအလုပ်လုပ်ကြပါသည်။ ၄ငင်းကောင်းအကျိုးဆက်အရ စိုက်ပျိုးရေးလုပ်ကိုင်ချိန်တွင် လုပ်သားရှားပါခြင်းနှင့်ကြုံတွေ့ကြရ ပါသည်။

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သာစည်ကျေးရွာအတွင်းတွင်ရပ်မိရပ်ဖများနှင့်လူမှုရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့၊အရံမီးသတ်တပ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာခေါင်းဆောင်၊ရွာဦး ကျောင်းဆရာတော်နှင့်ဆယ်အိမ်မှူးတို့၏ဦးဆောင်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများအားလုံး သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စည်းလုံးညီညွတ်စွာလုပ်ကိုင်လျှက်ရှိကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုး စပါးစိုက်ပျိုးကြပါသည်။ လယ်ယာမြေလုပ်ငန်းမှဝင်ငွေရရှိမှုမှာနည်းပါသည်။ အိမ်ခြေ(၉၈)ရှိသည့် အနက်စီးပွားရေးအဆင်ပြေသောအိမ်ထောင်စုမှာ (၆၀)အိမ်ရှိပါသည်။ ကျေးရွာတွင်မိုးစပါးစိုက်ပျိုးမြေ(၁၅၀)ဧကစိုက်ပျိုးကြသည်။ နှစ်စဉ်ကျေးရွာမှ မိုးစပါးထွက်နှုန်းမှာ (၁)ဧကလျှင်ပျမ်းမျှ(၅၀)တင်း ခန့်ထွက်ရှိသည်။မိုးစပါးကိုဇူလိုင်၊ သြဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီးနိုဝင်ဘာလတွင်ရိတ် သိမ်းကြသည်။ ဆန်၊စပါးဈေးကောင်း မရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှုနည်း ပါသည်။ မိရိုးဖလာစိုက်ပျိုးလာသောကြောင့် ဖော်ပြပါသီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိကြသေးပါ။သီးနှံထုတ်လုပ်မှုမှာဝင်ငွေနည်းသည့်အတွက်လူငယ်များသည်ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အခြေခံအဆောင်အဦးများအနေဖြင့် ဘာသာရေးအဆောက်အဦးနှင့် (**VDP**)ရုံပုံ ငွေဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း ကျောက်ရောမြေနီလမ်းခင်းခြင်း လုပ်ငန်းရှိပါသည်။ စာသင် ကျောင်းအနေဖြင့် ရွာအနီးရှိ သက္ကကျယ်ကျင်းအ.ထ.က ခွဲကျောင်းသို့သွားရောက်၍ ပညာသင်ယူရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ရန်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့်ငွေထုတ်ချေးပါသည်။ ကိုင်း(အခင်း)အတွက် တစ်ဧကလျှင် (၅၀၀၀၀)ကျပ်ဖြင့် ထုတ်ပေးလျှက်ရှိပါ သည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှု များလည်း ရရှိနိုင်ပါသည်။တောင်သူလယ်သမားများသာမကအခြားအသေးစားစီးပွားရေး လုပ်ငန်းများ ထူထောင်ရန် (ဥပမာတစ်နိုင်တစ်ပိုင်မွေးမြူရေး အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများလည်းလိုအပ်ပါသည်။ကျေးရွာ၏ငွေကျေးဆိုင်ရာအခက်အခဲများပေါ် ပေါက်လာပါကကျေးရွာပိုင်အဖွဲ့အစည်းမှစုဆောင်းငွေများကိုလည်း အမှန်လိုအပ်သော အိမ်ထောင်စုများအားထုတ်ချေးပေး လျှက် ရှိပါသည်။

(င) ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသေးပါဖြင့် ရွာအနီးရှိ သက္ကကျယ်ကျင်းအ.ထ.က.(ခွဲ) စာသင်ကျောင်း သို့ သွား ရောက်ပညာသင်ယူရပါသည်။ကျေးရွာ၏ ပညာရေးအခြေနေမှာ အသင့်တင့်ရှိပါသည်။ကျေးရွာ၏ ကျောင်းကော်မတီအဖွဲ့များမှာလည်း စည်းလုံးညီညွတ်စွာ ပညာရေးတွင်ပါဝင်လုပ်ကိုင်ဆောင်ရွက် ပေးလေ့ရှိပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည်အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။နှစ်စဉ်မိုးရာသီတွင်ကလေးသူငယ်များသွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီးလူငယ်၊လူကြီးများတွင်မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိသည်။ စပါး၊ဟင်းသီးဟင်းရွက်၊ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခြင်း၊အလုပ်အကိုင်အထိုက်အလျောက်အဆင် ပြေခြင်း၊မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့်ရှိသောကြောင့်ကျေးရွာအိမ်ထောင်စု ဝင်များ ကလေးသူငယ်များ အပါ အဝင်ယေဘုယျအားဖြင့်အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကလေးသူငယ်များအတွက်ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျေးရွာအနီးရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိလယ်မြေများသည် မြေနိမ့်ပိုင်းတွင်တည်ရှိသဖြင့်နှစ်မြစ်ရေကြီးချိန်များတွင် လယ်ယာမြေအနည်းစုသည် ပျက်စီးမှုများရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

မိုးကာလများတွင် ကျွဲနွားများသည်လည်း လည်ချောင်းကွဲရောဂါများ ကျရောက်လေ့ရှိပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင်လေ့ရှိပြီး အမျိုးသမီးများလည်းတန်းတူပါဝင် ဆောင်ရွက်လေ့ရှိကြောင်းလေ့လာတွေ့ရှိရပါ သည်။အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများလည်း ဆောင်ရွက်လေ့ရှိသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့်လုပ်ငန်းများလုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှု ဖြင့်တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ကိစ္စရပ်များ တွင်အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရသည်။မူလွန်ကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ **သာစည်ကျေးရွာ**

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်း	၁
၂	အခြေခံအဆောက်အဦး	တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ခြင်း	၂
၃	အခြေခံအဆောက်အဦး	မြောင်းကူးတံတား	၃
၄	အခြေခံအဆောက်အဦး	ကျေးရွာပိုင်ခန်းမ တည်ဆောက်ခြင်း	၄
၅	အခြေခံအဆောက်အဦး	လျှပ်စစ်မီးလင်းရေး	၅

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား၊သာစည်ကျေးရွာ

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည့်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁	လမ်း များ ပျက်စီးနေ ခြင်း	မိုးကာလတွင် တောင်ကျရေ တိုက်စားခြင်း ကြောင့်	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးနှင့် စက်ယန္တရား မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာ သူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	ကျေးရွာတွင်းလမ်း ကျောက်ရောမြေလမ်း (၃၀၀၀'× ၁၂'× ၉'') စနစ်တကျအကောင်အ ထည်ဖော်ဆောင်ရွက်မည်
၂	စာသင် ကျောင်း	ကျောင်းမရှိ သော ကြောင့်	မြေနေရာ/သဲ/ကျောက်/ လုပ်အား	ငွေကြေးနှင့် နည်းပညာမရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာ သူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	(၆၀'× ၃၀'× ၁၂') စနစ်တကျအကောင်အ ထည်ဖော်ဆောင်ရွက် မည်

ဖွံ့ဖြိုးရေးဗျူဟာ ဇယား၊သာစည် ကျေးရွာ

၃	တံတား	တံတားပျက်စီးမှုများသောကြောင့်	မြေနေရာ/သဲ/ကျောက်/လုပ်အား	ငွေကြေးနှင့် နည်းပညာ	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင်ညှိနှိုင်းကာပူးပေါင်းဆောင်ရွက်ပါမည်	၁၂' ၁၂ ' ၄' (၅)စင်း
၄	ကျေးရွာခန်းမ	လူစုလူဝေးပြုလုပ်ရန်နေရာမရှိခြင်းကြောင့်	သစ်/သဲ/ကျောက်များလွယ်ကူစွာ ရရှိနိုင်ခြင်း၊ ကျေးရွာလူထု၏ လုပ်အားများရရှိနိုင်ခြင်း	ငွေကြေးနှင့် နည်းပညာမရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင်ညှိနှိုင်းကာပူးပေါင်းဆောင်ရွက်ပါမည်	(၆၀'× ၃၀'× ၁၂') တစ်ထပ်စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်မည်
၅	မီးလင်းရေး	ပျက်စီးလွယ်သောကြောင့်	ပြည်သူလူထုနှင့်အတူပူးပေါင်းဆောင်ရွက်သွားမည်	မဟာဓါတ်အားလှိုင်းနှင့် ဝေး၍သောကြောင့်	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင်ညှိနှိုင်းကာပူးပေါင်းဆောင်ရွက်ပါမည	ဆိုလာစနစ်လမ်းမီးတိုင်(၃၀)

ဖောင်းပြင်မြို့နယ်၊သရောင်းအုန်းဒုတ် ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) ကော်မတီစာရင်း


စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းအမှတ်	မှတ်ချက်
၁	ဦးရွှေဘာ	ဥက္ကဋ္ဌ	၅/ဖပန(နိုင်) ၀၃၃၇၇၆	၀၉၄၅၀၀၈၀၁၆၆	စာရင်ရှင်ဖွင့်
၂	ဦးသိန်းထွန်း	အတွင်းရေးမှူး	၅/ဖပန(နိုင်) ၀၁၅၀၄၁	၀၉၄၂၀၇၉၅၇၈၅	စာရင်ရှင်ဖွင့်
၃	ဦးသန်းဝေ	စာရင်းကိုင်	၅/ဖပန(နိုင်) ၀၁၅၀၅၇	၀၉၄၂၂၀၅၆၃၄၁	
၄	ဦးဘဆန်း	ဘဏ္ဍာရေးမှူး	၅/ဖပန(နိုင်) ၀၄၅၁၄၅	၀၉၈၉၇၉၉၁၁၆၈	
၅	ဒေါ်မြဦး	သော့ကိုင်(၁)	၅/ဖပန(နိုင်) ၀၇၂၁၄၄		
၆	ဒေါ်နီနီဝင်း	သော့ကိုင်(၂)	၅/ဖပန(နိုင်) ၀၇၂၂၂၇		
၇	ဦးစံမြ	ဥက္ကဋ္ဌ၊ ဝယ်ယူရေးဆပ်ကော်မတီ	၅/ဖပန(နိုင်) ၀၄၃၄၃၇	၀၉ ၄၅၅၀၆၀၈၄၁	စာရင်ရှင်ဖွင့်

အတိုင်းအတာ	ကုန်ကျငွေ	ပြည်သူထည့်ဝင်ငွေ	စတင်ရက်	ပြီးစီးရက်
၃၀၀' x ၁၂'x ၉"	၁၂.၂၁	၂.၂၁	၇.၇.၂၀၂၁	၁၉.၇.၂၀၂၁


သာစည်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	နေပူ	နေပူ	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အေး	အေး	ပိုအေး	ပိုအေး	နေသာ	နေသာ
အလုပ်အကိုင်	သင့်	သင့်	ပျိုးထောင်	စိုက်	စိုက်	နန်းကျဲ	နည်း	သိမ်း	သိမ်း			
မိသားစုဝင်ငွေ			များ	များ	များ	နည်း	များ	များ	များ	နည်း	နည်း	နည်း
အသုံးစရိတ်	နည်း	နည်း	များ	များ	များ	နည်း	နည်း	များ	များ	နည်း	နည်း	နည်း
ချေးငွေလိုအပ်မှု			လိုအပ်	လိုအပ်	လိုအပ်			လိုအပ်				
ဝမ်းစာဖူလုံမှု	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်
သောက်သုံးရေ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်အစာ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်ရောဂါ			ခွာနာရှာနာ	ခွာနာရှာနာ								
ကျန်းမာရေး	သင့်	ညံ့	ညံ့	ညံ့	ညံ့	သင့်	သင့်	သင့်	ညံ့	ညံ့	မရှိ	မရှိ
သီးနှံပိုးမွှားရောဂါ						ရွက်ဖြတ်ပိုး						
ပွဲတော်	သင်္ကြန်	ညောင်ရေသွန်း		သက်နန်းကပ်		စာရေးတံ	မီးထွန်းပွဲ	တန်ဆောင်တိုင်				
သဘာဝဘေး		လေမိုးတိုက်		ရေကြီး	ရေကြီး							

သဘာဝညီကျေးရွာလူထုအခြေပြုအဖွဲ့



သာစည်ကျေးရွာ အခြေအနေပြပြေပုံ



ဖောင်းပြင်မြို့နယ် သရောင်းအုန်းဒုတ်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ
ကျေးရွာတွင်းလမ်းကျောက်ရောမြေလမ်းခင်းခြင်း ၃၀၀၀)'x ၁၂'x ၉")





လုပ်ငန်းဆောင်ရွက်ပြီး မှတ်တမ်းဓါတ်ပုံ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**	**မသန်စွမ်းသူ အရေအတွက်**	
					ကျား	**မ**
၁ နှစ် အောက်	နို့စို့အရွယ်	၈	၉			
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၈	၃၁			၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၆	၂၃			
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၇			
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၂	၂၂၄			
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၁၄			
စုစုပေါင်း		**၂၆၁**	**၃၁၈**			**၂**
စုစုပေါင်း အိမ်ထောင်စု (၉၈)		**သရောင်းအုန်းဒုတ်အုပ်စု သာစည်ကျေးရွာ**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ် ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅ နှစ် နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်အိမ်ခြေ(၉၈)ရှိပြီး လူဦးရေ ကျား(၂၆၁)နှင့်မ(၃၁၈)ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိက အလုပ်အကိုင်**					**အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)**	**ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	**မိသားစုဝင်လုပ်အား**	**အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု**	**ဦးရေ**			
					ကျား	**မ**		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၇၁		၂၂	၃၇	၇၂		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၇		၁၀	၁၁	၂၄		မြင့် □လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃		၁		၃		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၅			၂	၃		မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁			၁			မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည် နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလို ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ခြေ(၉၈)ရှိပြီး အဓိကလုပ်ငန်းလုပ်ကိုင်သူမှာအထက်ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး လုပ်အားခမှာ အများဆုံး ၅၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်သည့်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ (ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၁၅၀	ကောင်း ☐ သင့်? ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့်? ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့်? ☐
ဓနိတောမြေ		ကောင်း ☐ သင့်☐ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ☐
စုစုပေါင်း		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော် ကသီးသန့် လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးမြေဧက(၁၅၀)ကေလုပ်ကိုင်စားသောက်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ; ဧယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☒နည်း☐မရှိ ☐	လွယ်☐ခက်☒အသုံးမပြုနိုင်ပါ ☐	လျော့ ☒ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐	လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☒ နည်း ☐ မရှိ☐	☒	လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်)	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐	လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်)	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐	လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐	လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐သင့်☐ နည်း ☐ မရှိ ☒	လွယ်☐ခက်☐အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များမှာအသင့်တင့်ပေါများပြီးအသုံးပြုနိုင်မှုတွင် အနည်း နေသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၄၉	၃၀	၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ခြေ(၉၈)အိမ်ရှိသည့်အနက်အလွန်မပြေလည်သောအိမ်ထောင်စု(၄)ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု (c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	၄		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ___၄_____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု (၄)အိမ်နှင့် ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု (၀)အိမ်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၈-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ကျေးရွာတွင်ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုမှာ(၂၀)အိမ်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၈-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု		☐			☐	
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်	☐			☐		
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု	☐			☐		
၁၂	မိုးခေါင်ခြင်း		☐			☐	
၁၃	တောမီးလောင်ခြင်း		☐			☐	
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		☐			☐	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		☐			☐	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		☐			☐	
၂၀	သစ်တောပြုန်းတီးခြင်း		☐			☐	
၂၁	၄က်ဖျားရောဂါ		☐			☐	
၂၂	တီဘီရောဂါ	☐			☐		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☐			☐		
၂၄	ကပ်ရောဂါ	☐			☐		
၂၅	ပြည်တွင်းပဋိပက္ခ	☐			☐		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		☐			☐	
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☐			☐		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။(ဥပမာ။။အိမ်ထောင်စု၁၀

တွင် ၂၅အိမ်ထောင်စုအောက်–နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု–လတ်အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စု လေ့လာတွေ့ရှိချက်.။ ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုဘေးအန္တရာယ်အခြေမှာအလယ်လတ်အဆင့်တွင်ရှိသည်ကိုလေ့လာ တွေ့ရှိရပါသည်။

(၄–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	☐			☐		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	☐			☐		
၃	ဆင်းရဲသားတောင်သူ	☐			☐		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေ ထိုင်သူ	☐			☐		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်း ခံရသူများ (IDP)	☐			☐		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ	☐			☐		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	☐			☐		
၁၁	လူနည်းစုလူမျိုးများ	☐			☐		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	☐			☐		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ	☐			☐		
၁၅	လှည်နှင်လည်သွားလာ၍ဈေးရောင်းသူများ	☐			☐		
၁၆	နေရပ်ပြန်အခြေချသူများ	☐			☐		
၁၇	ရွှေ့ပြောင်းလုပ်သားများ	☐			☐		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	☐			☐		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည် တို့သည်မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ထိခိုက်သက်ရောက်လွယ်မှု သဘာဝဘေးအန္တရာယ်ခြေအနေမှာ အနိမ့်ပိုင်းတွင်ရှိသည် ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၁□၂□၃□	၁၀	၅	၁၅	ပညာရေး□ဌေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့	၁□၂□၃□	၄	၃	၇	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၃	ကျောင်းကော်မတီအဖွဲ့	၁□၂□၃□	၁၀	၄	၁၄	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၄	လူမှုရေးအဖွဲ့	၁□၂□၃□	၅၀	၇၀	၁၂၀	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅	လုံခြုံရေးအဖွဲ့	၁□၂□၃□	၁၀		၁၀	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆	ဌေပဒေသာပင်အဖွဲ့	၁□၂□၃□	၇		၇	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းမှာ (၆)ဖွဲ့ရှိပြီး အဖွဲ့အစည်း၏ စွမ်းဆောက်နိုင်မှုအခြေအနေမှာ အသင့်တင့်တွင်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	မြို့နယ်သံဃာနာယကအဖွဲ့	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	မြို့နယ်ပညာရေးမှူးရုံး	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ-မမွေစကူးလ်ဖောင်ဒေးရှင်း၊ChristianAidMissions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီး ဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမှာ(၃)ဖွဲ့ရှိသည်ကိုလေ့လာတွေ့ရှိရပါ သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ (ခ-၁)သီးနှံထုတ်လုပ်ရေး(၁စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၈		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်			ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၀		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၅၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၉၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ကျေးရွာတွင်စိုက်ပျိုးမြေပိုင်ဆိုင်သည့်အိမ်ထောင်စုများမှာအထက်ဖော်ပြပါဇယားအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၉	မိုးရေခံ	၁၅၀	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမှာ အထက်ဖော်ပြပါဇယားအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၅၀	တင်း	၅၀	၇၀	၆၀	ဇွန်	အောက်တိုဘာ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တောင်သူအများစုသည် စပါး ကိုသာအဓိကစိုက်ပျိုးကြပြီး သီးနှံအထွက်နှုန်းမှာ အထက်ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ ဇယား

(၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၄၂			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်	၅			
ခြွေလှေ့စက်	၇			
ရေစုပ်စက်	၂၈			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၄			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်ဖြင့် လုပ်ကိုင်စားသောက်ကြပြီး အချို့မှာ ကျွဲနွားများဖြင့်တောင်သူလုပ်ငန်းကိုလုပ်ကိုင်စားသောက်ကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□မဖြေဆိုပါ□**
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ□**
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ□**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်□မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်□ မထိခိုက်ပါ □ မဖြေဆိုပါ□**

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။
လေ့လာတွေ့ရှိချက်။ ။သီးနှံထွက်နှုန်းတိုးတက်စေရန်အတွက်အခွင့်အလမ်းမှာ အထက်ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်။
(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၁၇နှင့် ၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□**
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ□**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား၁၇နှင့် ၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်လုံးဝမရ□မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်လုံးဝမရ□မဖြေဆိုပါ□**
